# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

COMMERCE

August 27, 2019 Volume 22, Number 18


**၂၇.၈.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၂၉ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၉၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၆/ကျပ် |
| CBM Rate | = ၁၅၁၈.၅/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၇.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၃.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၆၀.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၃၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၅.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၁.၈၂ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၁၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၅.၀၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၀.၉၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၆၆၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


# ၂၀၁၈-၁၉ ဘဏ္ဍာနှစ် ဩဂုတ်လအထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာဘီလီယံ ၃၀ ကျော်အထိရှိခဲ့၊ ပုဂ္ဂလိက ကဏ္ဍမှ အများဆုံးဆောင်ရွက်နိုင်ခဲ့



၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဩဂုတ်လအထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ကျော်အထိရှိခဲ့ပြီး ပုဂ္ဂလိကကဏ္ဍမှ အများဆုံးဆောင်ရွက်နိုင်ခဲ့ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ဩဂုတ် ၂၄ ရက်က ရန်ကုန်မြို့ ကုန်သည်/ စက်မှုအသင်းချုပ်၌ ပြုလုပ်ခဲ့သည့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ (၂၉) ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ၌ပြောကြားခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သည့်နေရာတွင် ကုန်သွယ်ရေးကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍ၌တည်ရှိပြီး နှစ်စဉ်ကုန်သွယ်မှုပမာဏတိုးတက်အောင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများက တက်ညီလက်ညီပူးပေါင်း ဆောင်ရွက်နေသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ဩဂုတ် ၉ ရက်အထိ) ကိန်းဂဏန်းများအရ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၀၃၈ ဘီလီယံရှိခဲ့ပြီး ယင်းကုန်သွယ်မှုပမာဏတွင် ပုဂ္ဂလိကကဏ္ဍက ဆောင်ရွက်နိုင်မှုသည် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၁၉၆ ဘီလီယံ ပါဝင်သည့်အတွက် ၈၄ ရာခိုင်နှုန်းအထိဆောင်ရွက်နိုင်သည်ကိုတွေ့ရကြောင်း ၎င်းကပြောဆိုသည်။

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကစတင်ကျင်းပခဲ့ပြီး လုပ်ငန်း ရှင်များ၏အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ (၂၈) ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲအထိ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲအကြံပြုတင်ပြချက်ပေါင်း ၃၅၃ ချက်ကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များထံ အကြောင်းပြန်ကြားပေးခဲ့ပြီးဖြစ်ကြောင်း ၎င်းကပြောဆိုသည်။ အဆိုပါပြန်ကြားချက်များတွင် လုံးဝပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်များရှိသကဲ့သို့ တချို့အချက်များသည် ရေရှည်ဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်ကြောင်း၊ တချို့ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးရမည့်လုပ်ငန်းများကိုလည်း လုပ်ငန်းကော်မတီ (၅)ရပ်က တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံ၍ ဆွေးနွေးပွဲ (Public Private Dialogue) များပြုလုပ်၍ ပြီးပြတ်သည်အထိ အဆင့်ဆင့်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ဒုတိယသမ္မတဦးမြင့်ဆွေက ထည့်သွင်းပြောကြားခဲ့သည်။ ၃၅၃ ချက်လုံးတော့ ပြန်ကြားချက်ရတယ်။ ဒါပေမဲ့ ဒီနေ့အထိ မပြေလည်သေးတဲ့အချက်တွေ ပြန်တင်ပြတာရှိပါတယ်။ အရင်ကလည်း ၅၀

ကျော်လောက်တင်ပြထားတာရှိတယ်။ ဒါကိုလည်း ကျွန်တော်တို့ဘက်က ပြန်လည်သုံးသပ်နေတယ်။ တကယ်မရသေးတာ ဘာကြောင့်လဲဆိုတာ။ အချို့ကလိုချင်တာသာပြောတယ်။ ဥပဒေကြောင်းအရ လုပ်လို့မရသေးတာ ပြန်ကြားချက်ရှိတယ်။ ဒါကြောင့် ကော်မတီတစ်ရပ်ဖွဲ့ပြီး ပြန်စိစစ်နေပါတယ်။ ပြီးရင်တော့တင်ပြသွား မှာပါဟု ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းကပြောဆိုခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/127510.html

## ပြည်တွင်းရွှေဈေး စံချိန်တင်မြင့်တက်နေပြီး ဒေါ်လာတန်ဖိုးကျဆင်းလာ



ယခုလအတွင်း ပြည်တွင်းဈေးကွက်တွင် ရွှေဈေးအတက်၊ အကျကြမ်းနေပြီး ဩဂုတ် ၂၆ ရက်နေ့လယ်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ်ဆယ့်နှစ်သိန်းလေးသောင်းကိုးထောင်သို့ စံချိန်တင်မြင့်တက်နေသည်။ အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲအရှိန် ထပ်မံမြင့်တက်လာခြင်းကြောင့် ကမ္ဘာ့ရွှေဈေးက လိုက်ပါမြင့်တက်သဖြင့် ပြည်တွင်းဈေးနှုန်းလည်း တည်ငြိမ်မှုမရှိကြောင်း ရွှေလုပ်ငန်းရှင်အချို့က ပြောသည်။ ယမန်နေ့နံနက်တွင် ပြည်တွင်းရွှေဈေးနှုန်း ကျပ်ဆယ့်နှစ်သိန်းလေးသောင်းခြောက်ထောင် ဈေးဖြင့်စတင်သော် လည်း နေ့လယ်၌ထပ်မံမြင့်တက်ခြင်းဖြစ်သည်။ မနေ့ညနေပိုင်းက ကမ္ဘာ့ရွှေဈေးဆက်တိုက်တက်နေတော့ ဆိုင်သမားတွေက မနက်ပိုင်းမှလုဝယ်လို့ ရွှေကဈေးမြင့်သွားတာပါဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။

ကမ္ဘာ့ရွှေဈေးသည် ဩဂုတ် ၂၅ ရက်တွင် တစ်အောင်စလျှင် ၁၅၂၇ ဒေါ်လာမှ နောက်တစ်ရက်၌ တစ်အောင်စလျှင် ၁၅၄၂ ဒေါ်လာသို့ မြင့်တက်သည်။ ရွှေဈေးနှုန်းတည်ငြိမ်မှုမရှိသဖြင့် ရွှေဈေးမြှင့်တင်မရောင်းရန်နှင့် လက်ငင်းသာအရောင်းအဝယ်ပြုလုပ်ရန် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းက ညွှန်ကြားချက်ထုတ်ပြန်ထားသည်။ မလိုက်နာသည့်လုပ်ငန်းရှင်များစာရင်းကို ဝန်ကြီးဌာနများနှင့် ရန်ကုန်တိုင်းအစိုးရအဖွဲ့သို့ပေးပို့မည်ဖြစ်ကြောင်း တွဲဖက်အတွင်း ရေးမှူး (စီမံ) ဦးကြည်စိန်ကပြောသည်။ ကမ္ဘာ့ရွှေဈေးမတည်ငြိမ်မှုကြောင့် ပြည်တွင်းရွှေဈေးအတက်၊ အကျများလာချိန်တွင် ငွေ ကြေးဈေးကွက်၌ ဒေါ်လာတန်ဖိုးကျဆင်းပြီး ကျပ်ငွေတန်ဖိုးတက်လာသည်။

ငွေကြေးဈေးကွက်တည်ငြိမ်ရန် ဩဂုတ် ၂၆ ရက်တွင် ဗဟိုဘဏ်က ပြည်တွင်းပုဂ္ဂလိကဘဏ်များထံမှ တစ်ဒေါ်လာလျှင် ၁၅၁၇ ကျပ်ဖြင့် ဒေါ်လာတစ်သန်းခွဲကို လေလံဈေးဖွင့်၍ ဝယ်ယူသော်လည်း ပြည်တွင်းဘဏ်များနှင့် ပုဂ္ဂလိကငွေကြေးဈေးကွက်၌ တစ်ဒေါ်လာ ၁၅၁၃ ကျပ်သာ ဈေးဖွင့်သည်။ ဩဂုတ် ၂၃ ရက်တွင် တစ်ဒေါ်လာ ကျပ် ၁၅၂၀ ခန့်ဖြင့် ဈေးကွက်ပိတ်သော်လည်း နိုင်ငံတကာငွေကြေးဈေးကွက်၌ ရွှေဈေးမြင့်တက်ပြီး ဒေါ်လာတန်ဖိုးကျဆင်းခြင်းကြောင့် ပြည်တွင်းတွင် ဒေါ်လာတန်ဖိုးကျဆင်းခြင်းဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။ ယခုလအတွင်း ဗဟိုဘဏ်က ပြည်တွင်းပုဂ္ဂလိကဘဏ်များထံမှ ဒေါ်လာ ၁၃ သန်းဖိုးခန့်ဝယ်ယူခဲ့သည်။

**Source:** https://www.7daydaily.com/story/164668

## မူဆယ်တွင်သောင်တင်ပြီး ပျက်စီးစပြုနေသည့် ဆန်ကွဲ တန် ၅၀၀၀ ရှိနေပြီး မြန်မာ-တရုတ် ပြင်ဆင်မှုစာချွန်လွှာ အမြန်ဆုံးရေးထိုးပေးရန် အစိုးရထံတင်ပြထား



မူဆယ်တွင်သောင်တင်ပြီး ပျက်စီးစပြုနေသည့်ဆန်ကွဲ တန် ၅၀၀၀ ရှိနေကာ မြန်မာ-တရုတ် ဆန်ကွဲ Protocol ပြင်ဆင်မှုစာချွန်လွှာ အမြန်ဆုံးရေးထိုးဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရထံ ပဲခူးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကိုကိုကြီးကတင်ပြခဲ့သည်။ ဩဂုတ်၂၄ ရက်က ရန်ကုန်မြို့ ကုန်သည်/စက်မှုအသင်းချုပ်တွင်ပြုလုပ်သည့် ဒုတိယသမ္မတ ဦးမြင့်ဆွေဦးဆောင်၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ (၂၉) ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ၌ တင်ပြခဲ့ခြင်းဖြစ်သည်။ နှစ်နိုင်ငံအကြား သက်ဆိုင်တဲ့ဌာနဆိုင်ရာက ဆောလျှင်စွာညှိနှိုင်းပြီး ဆန်ကွဲ Protocol ပြင်ဆင်မှုစာချွန်လွှာ ရေးထိုးပေး နိုင်မယ်ဆိုရင် လက်ရှိနယ်စပ်မြို့မှာ သောင်တင်နေတဲ့ဆန်ကွဲတွေကို

ရောင်းချနိုင်မယ့်အပြင် လက်ရှိပြည်တွင်းဈေးကွက်မှာလည်း ဈေးနှုန်းနိမ့်ကျနေတဲ့ ဆန်ကွဲတွေကိုပါ တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မှာဖြစ်ပါတယ်ဟု ၎င်းကပြောဆိုသည်။

အဆိုပါဆန်ကွဲများသည် ကုန်လှောင်ရုံထဲတွင် လေးလခန့်ကြာမြင့်လာသည့်အတွက် စတင်ပျက်စီးမည့် အခြေအနေသို့ ရောက်ရှိနေပြီး မူဆယ်မှပြည်တွင်းသို့ပြန်လည်သယ်ဆောင်ပါက သယ်ယူစရိတ်နှစ်ဆခန့် မြင့်တက်သွားမည့်အတွက် ပြန်သယ်ရန်အခက်ကြုံနေရကြောင်း၊ ဒေသတွင်းရောင်းချပါက ဆန်ကွဲစားသုံးမှုနည်းခြင်း၊ စက်မှုကုန်ကြမ်း အသုံးပြုမှုမရှိခြင်းတို့ကြောင့် အခက်အခဲများကြုံတွေ့နေရကြောင်း ဦးကိုကိုကြီးကပြောဆိုသည်။ မြန်မာနိုင်ငံမှထွက်ရှိသော ဆန်ကွဲများကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့လျက်ရှိရာ နှစ်နိုင်ငံအကြား သဘောတူထားသော ဆန်ကွဲ Protocol အရ ဆန်၊ ဆန်ကွဲ အယူအဆခွဲမှုကြောင့် ယခုနှစ်ဧပြီလမှစတင်၍ ဆန်ကွဲတင်ပို့မှုရပ်ဆိုင်းခဲ့သည့်အတွက် နယ်စပ်မြို့ မူဆယ် သို့ရောက်ရှိနေသော ဆန်ကွဲ တန် ၅၀၀၀ ကို ဂိုဒေါင်တွင်သိုလှောင်ထားပြီး MoU ပြင်ဆင်မှုကို စောင့်ဆိုင်းနေခဲ့ရကြောင်း ပဲခူးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ဒုတိယသမ္မတနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများထံ တင်ပြခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/127499.html

## ဒီချုပ်အစိုးရလက်ထက် ပထမနှစ်အတွင်း ပြည်ပမှ ငွေလွှဲပေးပို့မှုများလျော့ကျ




ဒီချုပ်အစိုးရလက်ထက် ပထမဆုံးဘဏ္ဍာနှစ် ၂၀၁၆-၁၇ တွင် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများထံမှ ပြည်တွင်းသို့ ငွေပြန်လည်ပေးပို့မှုများလျော့နည်းခဲ့ကြောင်း ယမန်နေ့က ထုတ်ပြန်သည့်ဗဟိုဘဏ်၏ ဘဏ္ဍာရေးနှစ်ချုပ် အစီရင်ခံစာ၌ ဖော်ပြထားသည်။ အဆိုပါဘဏ္ဍာနှစ်တွင် ပြည်ပသွားရောက်လုပ်ကိုင်သူများထံမှ ငွေလွှဲပေးပို့မှု ကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံကျော်ရှိကြောင်း ဖော်ပြထားသည်။ အဆိုပါပမာဏသည် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်ထက် ဒေါ်လာ သန်း ၃၈၀ ကျော်လျော့နည်းသွားခြင်းဖြစ်သည်။

၂၀၁၅-၁၆ ဘဏ္ဍာနှစ်က ဒေါ်လာသုံးဘီလီယံကျော်ရှိသဖြင့် ဘဏ္ဍာနှစ် နှစ်ခုနှိုင်းယှဉ်ပါက ၁၁ ဒသမ ၉ ရာခိုင်နှုန်းလျော့နည်းနေသည်။ တရားမဝင်ဟွန်ဒီဈေးကွက်ကကြီးတော့ တရားဝင်က လျော့သွားတာမျိုးပါဟု အငြိမ်းစားဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင်ကပြောသည်။

မြန်မာနိုင်ငံ၏ တရားမဝင်ငွေကြေးလွှဲပြောင်းမှုကို ဘဏ်လုပ်ငန်းကျွမ်းကျင်သူအချို့က ယခင်က သီးသန့်တွက်ချက်မှုအရ တစ်နှစ်ဒေါ်လာငါးဘီလီယံခန့်ရှိနိုင်သည်ဟု ၎င်းကခန့်မှန်းသည်။ မြန်မာနိုင်ငံ၏ တရားမဝင်ငွေကြေးဈေးကွက်သည် ယနေ့အချိန်ထိရှိနေပြီး ငွေလွှဲပေးပို့မှုမည်မျှရှိနေသည်ကို စာရင်းဇယားမရှိသဖြင့်ခန့်မှန်းရန်ခက်ကြောင်း မြန်မာနိုင်ငံမော်တော်ယာဉ်တင်သွင်းထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကပြောသည်။ တရားမဝင်(ဟွန်ဒီ) ငွေလွှဲပေးပို့မှုများနေခြင်းကို ပြောင်းလဲ၍ တရားဝင်ငွေလွှဲပေးပို့မှုများဖြစ်လာစေရန် အခွန်လျှော့ပေးသည့် နည်းလမ်းဖြင့် ဆွဲဆောင်သင့်ကြောင်း ဦးသန်းလွင်ကဆိုသည်။

**Source:** https://www.7daydaily.com/story/164715

## ၂၀၁၉ ဇူလိုင်လကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၇၀၀ ကျော်အထိရှိလာ

၂၀၁၉ ဇူလိုင်လကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၁၇၀၀ ကျော်အထိရှိလာနေတယ်လို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ထုတ်ပြန်ချက်အရသိရပါတယ်။ ကဏ္ဍ ၁၂ ခုမှာရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံတကာလုပ်ငန်းပေါင်း ဇူလိုင်လကုန်အထိကို ၁၇၇၉ ခုအထိရှိလာနေပြီး အများစုက Manufacturing အပိုင်းမှာဖြစ်ပြီး လုပ်ငန်းပေါင်း ၁၁၀၇ ခုအထိရှိနေပါတယ်။ ယင်းကဏ္ဍရင်းနှီးမြှုပ်နှံမှုကလည်း ၁၁ ဘီလီယံအထိရှိနေပါတယ်။ Oil and Gas မှာ လုပ်ငန်းပေါင်း ၁၅၄ ခုသာရှိပေမဲ့ ရင်းနှီးမြှုပ်နှံတဲ့ပမာဏက ၂၂ ဘီလီယံကျော်အဖြင့် ကဏ္ဍ ၁၂ ခုရင်းနှီးမြှုပ်နှံမှုမှာ အမြင့်ဆုံးဖြစ်ပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နောက်ဆုံးစာရင်းတွေအရ စွမ်းအင်ကဏ္ဍမှာ လုပ်ငန်း ၂၁ ခုမှ ကန်ဒေါ်လာ ၂၁ ဘီလီယံကျော်၊ ပို့ဆောင်ဆက်သွယ်ရေးပိုင်းမှာ လုပ်ငန်း ၆၀ မှ ကန်ဒေါ်လာ ၁၀ ဘီလီယံကျော်၊ အိမ်ခြံမြေကဏ္ဍရင်းနှီးမြှုပ်နှံမှုက လုပ်ငန်း ၅၆ ခုရှိပြီး ကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံကျော်၊ ဟိုတယ်နဲ့ခရီးသွားကဏ္ဍရင်းနှီးမြှုပ်နှံမှုက

လုပ်ငန်း ၈၁ ခုရှိနေပြီး ကန်ဒေါ်လာ ၃ ဘီလီယံကျော်ရှိနေပါတယ်။ မိုင်းနင်းကဏ္ဍရင်းနှီးမြှုပ်နှံမှုက လုပ်ငန်း ၇၁ ခုရှိပြီး ကန်ဒေါ်လာ ၃ ဘီလီယံဝန်းကျင်၊ ရေလုပ်ငန်းနဲ့မွေးမြူရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုက သန်း ၇၀၀ ကျော်၊ စိုက်ပျိုးရေးကဏ္ဍမှာ လုပ်ငန်း ၃၃ ခုရှိပြီး ကန်ဒေါ်လာ သန်း ၄၀၀ ကျော်၊ စက်မှုကဏ္ဍမှာ လုပ်ငန်း ၇ ခုမှသန်း ၃၀၀ ကျော်၊ ဆောက်လုပ်ရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုက ၃၇ သန်းနဲ့ အခြားဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ရင်းနှီးမြှုပ်နှံမှုက ကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ အထိရှိနေပါတယ်။

**Source:** https://www.facebook.com/SFJWeekly/posts/2617204738366802?__tn__=K-R

## ကုန်သွယ်ရေးစစ်ပွဲမှာ အမေရိကန် အနိုင်ရလိမ့်မည်မဟုတ်ဟု တရုတ်ပြော

လက်ရှိဖြစ်နေတဲ့ ကုန်သွယ်ရေးစစ်မှာ အမေရိကန်တို့ အနိုင်ရမှာ မဟုတ်ဘူးလို့ တရုတ် ရဲ့ People's Daily က ထုတ်ဖော်ရေးသားခဲ့တယ်လို့သိရပါတယ်။ ဒါ့အပြင် တရုတ်ကုန်စည်တွေအပေါ် အခွန်တွေတိုးကောက်ဖို့ အမေရိကန်တို့ဘက်က ထပ်မံပြင်ဆင်လာခြင်းအပေါ် ပြန်လည် တုန့်ပြန်ရင်ဆိုင်သွားမယ်ဆိုပြီး တရုတ်အာဏာရ ကွန်မြူနစ်ပါတီရဲ့ People's Daily သတင်းစာမှာဖော်ပြထားပါတယ်။ လက်ရှိမှာ ယင်းကမ္ဘာ့အကြီးဆုံး စီးပွားရေးအင်အားကြီးနှစ်နိုင်ငံအကြား ကုန်သွယ်ရေးစစ်က အရှိန်ပိုမြင့်လာနေလျက် ရှိပါတယ်။ တရုတ်တို့ဘက်ကတော့ ကိုယ့်ရဲ့လမ်းကြောင်းအတိုင်းပဲ ဆက်လုပ်သွားမှာဖြစ်ပြီး ကောင်းကောင်းလုပ်သွားနိုင်မယ်လို့ယုံကြည်ပါတယ်၊ ဘယ်တော့မှလည်း ယိမ်းယိုင်သွားမှာမဟုတ်ပါဘူးလို့ ယင်းသတင်းစာမှာဖော်ပြထားပါတယ်။ ဒ့ါအပြင်အမေရိကန်တို့အနေနဲ့ ကုန်သွယ်ရေးစစ်မှာ အနိုင်ရဖို့မရှိကြောင်း၊ ဘာကြောင့်လဲဆိုတော့ ယင်းရဲ့တောင်သူတွေနဲ့ စီးပွားရေးလုပ်ငန်းတွေကြုံနေရတဲ့ အတိဒုက္ခအကျပ်အတည်းတွကြောင့်ဖြစ်ကြောင်း ယင်းသတင်းစာကပြောသွားပါတယ်။

တရုတ်ကုန်စည် ဒေါ်လာ ၅၅၀ ဘီလီယံဖိုးအပေါ် ထပ်တိုးအခွန်ကောက်မယ့် ဂါရှင်တန်ရဲ့ဆုံးဖြတ်ချက်အပေါ် အပြင်းအထန်ကန့်ကွက်ကြောင်း တရုတ်ကကြေညာထားခဲ့ပါတယ်။

**Source:** https://www.channelnewsasia.com/news/

SFJ Strategy First Journal

## ယွန်းထည်ပစ္စည်း အတုပြုလုပ်မှုများကြောင့် ယွန်းထည်လုပ်ငန်းလုပ်ကိုင်သူများ ရပ်တည်ရန်ခက်ခဲနေ



ပုဂံဒေသတွင် ယွန်ထည်ပစ္စည်းအတုပြုလုပ် ရောင်းချနေသူများရှိနေခြင်းကြောင့် ရပ်တည်ရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်ဟု ပုဂံဒေသမှ မိရိုးဖလာယွန်းထည် လုပ်ငန်း လုပ်ကိုင်နေကြသူတစ်ချို့ကပြောသည်။ လက်ရှိတွင် ပုဂံဒေသ၌ မြန်မာ့ယွန်းထည်လုပ်ငန်း လုပ်ကိုင်နေသည့် ဆိုင်ကြီးပေါင်း ၁၀ ဆိုင်နှင့် မိသားစု တစ်နိုင်တပိုင်လုပ်ကိုင်နေသည့် ဆိုင်ငယ်ပေါင်း ၁၀၀ ကျော်ရှိနေပြီး ယွန်းထည်ပစ္စည်း ပုံစံအမျိုးမျိုး ၃၀၀ ကျော် ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

အတုဈေးကွက်ကြောင့် ရပ်တည်ဖို့ခက်လာတယ်။ ဘုရားဈေးတန်းမှာ ရောင်းချနေတာတွေက အရည်အသွေးနိမ့်တာတွေ ဒါတွေကို ဒီမှာလာလည်တဲ့သူတွေက ဝယ်ကြတယ်။ ဈေးကလည်းကွာတယ်။ ကွာတော့ အဲဒါတွေပဲ ဝယ်ကြတယ်။ ဒါကိုလည်း လာဝယ်သူတွေကိုရှင်းပြရတယ်။ ပြည်တွင်းဈေးကွက်ကတော့လျော့သွားတယ်။ ပြည်ပကိုပဲ အဓိကထားရောင်းချနေရတယ်ဟု Bagan House ယွန်းထည်ဆိုင်မှ အရောင်းတာဝန်ခံ ဒေါ်မို့မို့နိုင်ကပြောသည်။ ထိုသို့ အရည်အသွေးနိမ့်ယွန်းထည်များ ထုတ်လုပ်နေခြင်းနှင့်ယွန်းထည်အတုများ လုပ်ကိုင်ရောင်းချနေခြင်းများကြောင့် ယွန်းထည်ဈေးကွက်မှာ ၂၀၁၈ ခုနှစ်မှစတင်၍ပျက်လာပြီး လက်ရှိအခြေအနေတွင် ပုဂံဒေသရှိ ယွန်းထည်ထုတ်လုပ်နေသည့် ဆိုင်ကြီးများနှင့် ဆိုင်ငယ်များမှာ ရပ်တည်ရန်ခက်ခဲလာနေခြင်းဖြစ်သည်။

၂၀၁၆ခုနှစ် ၂၀၁၇ခုနှစ်လောက်ကတော့ အရောင်းအဝယ်အတော်ကောင်းတယ်။ဒီဘက် ၂၀၁၈ ကနေစပြီး အရောင်းအဝယ်က ပါးလာတယ်။အရောင်းအဝယ်မဖြစ်တော့ဘူးဆိုရင် ယွန်းလုပ်သားတွေလည်း အဆင်မပြေတော့သလို ယွန်လုပ်ငန်းရှင်တွေလည်း အဆင်မပြေတော့ဘူးဟု Bagan House ယွန်းထည်ဆိုင်မှ အရောင်း တာဝန်ခံ ဒေါ်မို့မို့နိုင်က

ပြောသည်။ လက်ရှိတွင် ယွန်းထည်လုပ်ငန်းများသည် ပြည်တွင်းဈေးကွက်၌ ရပ်တည်ရန်ခက်ခဲနေသော်လည်း ထိုင်း၊ စင်္ကာပူ၊ တရုတ်အပါအဝင် ဂျာမနီ၊ပြင်သစ်နှင့်ဆွီဒင်စသည့်နိုင်ငံများသို့လည်း တင်ပို့ရောင်းချရကြောင်းသိရသည်။ ယွန်းထည်ထုတ်လုပ်ရာတွင် အကြမ်းထည်မှစတင်၍ အချောထည်ဖြစ်သည်အထိ အချိန် ၈ လခန့် အချိန်ယူလုပ်ကိုင်ရပြီး ပစ္စည်းအသေးအကြီးပေါ် မူတည်၍ ပစ္စည်းအကြီးများမှာ တစ်နှစ်ခွဲခန့်အထိ အချိန်ယူလုပ်ကိုင်ရကြောင်းသိရသည်။ ကျွန်တော်တို့က ယွန်းထည်ပစ္စည်းတစ်ခုကို အချိန်တွေအများကြီးယူလုပ်ရတယ်။ လုပ်ပြီးတော့လည်း ရောင်းမထွက်ဘူး။ ဝယ်မယ့်သူကလည်း ဈေးနည်းတာပဲဝယ်ကြတယ်။ ကျွန်တော်တို့က သူတို့ဈေးနဲ့က လိုက်မရောင်းနိုင်ဘူး။ အဲလို မရောင်းနိုင်တော့ မိသားစုရပ်တည်ဖို့ပါခက်လာတယ်ဟု မိသားစုတစ်နိုင်တစ်ပိုင် ယွန်းထည်လုပ်ငန်းလုပ်ကိုင်သူ ဦးအောင်ငွေက ပြောသည်။

ယွန်းထည်အတုပြုလုပ်သူအများစုသည် ပလပ်စတစ်များဖြင့်သာလုပ်ကိုင်ကြပြီး အနည်းစုသာ အရည်အသွေးနိမ့်ကုန်ကြမ်းများဖြင့် လုပ်ကိုင်ကြကြောင်းသိရသည်။ ကျွန်တော်တို့က အတုလုပ်တာတော့မဟုတ်ဘူး။ ပုဂံရောက်အမှတ်တရ ယွန်းထည်လေးတွေကို လူတန်းစားအမျိုးမျိုး ဝယ်ယူနိုင်အောင်လို့လုပ်တာပါ။ တကယ့်အစစ်က ဈေးကြီးတယ်။ ကျွန်တော်တို့ပစ္စည်းက ပြည်တွင်းဘုရားဖူးတွေ ဝယ်တာများတယ်။ တစ်ခုနှစ်ထောင်၊ သုံးထောင်လောက်နဲ့ရတယ်။ အစစ်ဆိုရင် အနည်းဆုံး ငါးထောင်တစ်သောင်းပဲ။ ကျွန်တော်တို့အနေနဲ့က ဈေးကွက်မလုပါဘူးဟု ပလပ်စတစ် ယွန်းထည်ပုံစံတူနှင့် အရည်အသွေးနိမ့်ယွန်းထည်လုပ်ငန်းလုပ်ကိုင်သူဦးခင်ကြီးကပြောသည်။ ပုဂံဒေသဘုရားဈေးတန်းများတွင် အများစုမှာ အရည်အသွေးနိမ့်ယွန်းထည်များနှင့်ပလပ်စတစ်ယွန်းထည်များသာရောင်းချနေကြပြီး ယွန်းထည်ပစ္စည်းအစစ်မှာ ယွန်းထည်ထုတ်လုပ်သည့်နေရာမှာပင် ဆိုင်ဖွင့်ရောင်းချလျက်ရှိကြောင်းသိရသည်။

Source: **Mizzima - News in Burmese**

https://www.facebook.com/dootcheck.aleksander/posts/2337570439829566

## ယခုနှစ် ရှစ်လအတွင်း ပြည်ပသို့ ကုလားပဲတန်ချိန် ၄၇ဝဝဝ ကျော်တင်ပို့ထား

၂ဝ၁၉ ခုနှစ် ဇန်နဝါရီမှ ဩဂုတ်လဒုတိယပတ်အထိ ပြည်ပသို့ ကုလားပဲတန်ချိန် ၄၇,ဝဝဝ ကျော် တင်ပို့ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှသိရသည်။ ကုလားပဲက ပြည်တွင်းမှာစားသုံးတဲ့ ပဲတစ်မျိုးလည်း ဖြစ်တယ်။ ကုလားပဲခွဲခြမ်းလုပ်ပြီးတော့လည်း တင်ပို့ကြတယ်။ ကုလားပဲကို ပါကစ္စတန်၊ တူရကီနဲ့ ယူအေးအီးနိုင်ငံတွေက ကြိုက်နှစ်သက်စွာ စားသုံးတယ်။ မြန်မာကုလားပဲကို အိန္ဒိယအပါအဝင် နိုင်ငံပေါင်း ၇ ခုလောက် တင်ပို့နေတာဖြစ်တယ်။ တင်ပို့နိုင်တဲ့ ပမာဏမများပေမယ့် ဈေးကွက်ပေါက်ဈေးအရတွက်ကြည့်ရင် ဘဏ္ဍာနှစ်တစ်နှစ်ကို ကန်ဒေါ်လာ သန်း ၃ဝ ကနေ အများဆုံး သန်း ၆ဝ လောက်တော့ရရှိတယ်ဟု မန္တလေးရှိ ပဲမျိုးစုံနှင့်ကုလားပဲကုန်သည် ဦးတင်လှိုင်ကပြောသည်။ လက်ရှိ ရန်ကုန်ပဲမျိုးစုံ ဈေးကွက်၌ ကုလားပဲတစ်တန်လျှင် ကန်ဒေါ်လာ ၆ဝဝ မှ ၆၃ဝ၊ အခွံချွတ် တစ်တန်လျှင် ကန်ဒေါ်လာ ၈ဝဝ မှ ၈၄ဝ ကြား အသီးသီးဈေးရှိနေသည်။

မြန်မာနိုင်ငံတွင် ကုလားပဲကို ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ စစ်ကိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် အများဆုံးစိုက်ပျိုးကြပြီး တစ်နိုင်ငံလုံးတွင် စိုက်ဧကပေါင်း ၈၉ဝဝဝဝ ကျော်မှ တန်ချိန် ၅၆ဝဝဝဝ ခန့်ထွက်ရှိကြောင်းသိရသည်။ လက်ရှိ ကမ္ဘာ့ထိပ်တန်းကုလားပဲတင်ပို့သူများမှာ ဩစတြေးလျ၊ မက္ကစီကို၊ အိန္ဒိယနှင့်တူရကီတို့ဖြစ်ပြီး တင်သွင်းမှုအများဆုံးနိုင်ငံများမှာ အိန္ဒိယ၊ ပါကစ္စတန်၊ အယ်လ်ဂျီးရီးယားနှင့် ဗြိတိန်နိုင်ငံတို့ဖြစ်ကြောင်းသိရသည်။ ဘဏ္ဍာနှစ် အလိုက် ကုလားပဲတင်ပို့မှုစာရင်းများအရ ၂ဝ၁၅-၁၆ ဘဏ္ဍာနှစ်က တန်ချိန် ၃၅ဝဝဝ ကျော် တင်ပို့မှုဝင်ငွေ ကန်ဒေါ်လာ ၁၉ သန်းကျော်၊ ၂ဝ၁၆-၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၅၇ဝဝ ကျော် တင်ပို့မှုမှ ဝင်ငွေ ကန်ဒေါ်လာ ၂၈ သန်းကျော်၊ ၂ဝ၁၇-၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၆ဝဝဝ ကျော် တင်ပို့မှုမှ ဝင်ငွေ ကန်ဒေါ်လာ ၃၂ သန်းကျော် အသီးသီးရရှိခဲ့သည်။ ကုလားပဲကို မြန်မာနိုင်ငံတွင် အောက်တိုဘာလနှင့်နိုဝင်ဘာလတို့တွင်စိုက်ပျိုးပြီး ဇန်နဝါရီလမှဖေဖော်ဝါရီလအတွင်း ရိတ်သိမ်းကြသည်။

**Source:**https://www.facebook.com/amiamyanmar/posts/2405143512904464? __tn__=K-R

## သွင်းကုန်လိုင်စင်ကြေးများ တိုးမြှင့်ကောက်ခံမည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် သွင်းကုန်များအတွက် လိုင်စင်ထုတ်ပေးရာတွင် ကောက်ခံသည့် သွင်းကုန်လိုင်စင်ကြေးများကို တိုးမြှင့်ကောက်ခံတော့မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြည်ထောင်စုလွှတ်တော်သို့ ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။ သွင်းကုန်လိုင်စင်ကြေးများကို အနည်းဆုံး ၃ဝဝဝဝ(သုံးသောင်း)ကျပ်မှ အများဆုံး ၉ဝဝဝဝ(ကိုးသောင်း)ကျပ်အထိ ပြင်ဆင်ကောက်ခံနိုင်ရေးအတွက် ပြည်ထောင်စု

အစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီသို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်ဟု ၎င်းကပြောသည်။ ယခုနှစ် ပထမခြောက်လပတ် အခွန်ကောက်ခံရရှိမှုနှင့်ပတ်သက်ပြီး လွှတ်တော်သို့ပြန်လည်ရှင်းလင်းစဉ် အထက်ပါအကြောင်းအရာကိုပါ ၎င်းကထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ နှုန်းထားအသစ်ဖြင့် မည်သည့်လတွင် စတင်ကောက်ခံမည်ဆိုသည်မှာမူ စီးပွားရေးရာကော်မတီ၏ဆုံးဖြတ်ချက်သာဖြစ်သောကြောင့် ၎င်းကထုတ်ဖော်ပြောဆိုသွားခဲ့ခြင်းမရှိပေ။

လက်ရှိကောက်ခံလျက်ရှိသော သွင်းကုန်လိုင်စင်ကြေးနှုန်းထားများမှာ အနည်းဆုံး ၂၅၀ ကျပ်မှ အများဆုံး ၅၀၀၀၀ (ငါးသောင်း)ကျပ်အထိဖြစ်သည်။ လက်ရှိကောက်ခံလျက်ရှိသော သွင်းကုန်ခွန်နှုန်းထားသည်ခေတ်နှင့်လိုက်လျောညီထွေမရှိတော့သောကြောင့် ခေတ်နှင့်အညီ ပြင်ဆင်လိုက်ခြင်းဖြစ်ကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။ ဝန်ကြီးဌာနသည် လက်ရှိ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း ပို့ကုန်သွင်းကုန်များမှ လိုင်စင်ကြေးငွေကို ကျပ် ၄ ဒသမ ၁၆၇ ဘီလျံကျော်ရရှိရန်ခန့်မှန်းထားသော်လည်း ယခုဩဂုတ်လ၁ ရက်အထိ ကျပ် ၃ ဒသမ ၈၅၄ ဘီလျံကျော်သာရရှိသေးသည်။ ထိုကဲ့သို့သွင်းကုန်လိုင်စင်ကြေးများ တိုးမြှင့်ကောက်ခံတော့မည်ဖြစ်သော်လည်း သွင်းကုန်လိုင်စင်ရရှိရန် လိုအပ်ချက်ကိုမူ ဖြေလျှော့ပေးခဲ့သည်ဟုဆိုသည်။

မူလက သွင်းကုန်လိုင်စင်လျှောက်ထားပြီးမှ တင်သွင်းနိုင်တဲ့ကုန်စည်အမယ်ဟာ ၄၈၁၈ လိုင်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်အတွင်း ၄၆၁၃ ခုသို့ ဖြေလျှော့သတ်မှတ်ခဲ့ပါတယ်ဟု ဦးအောင်ထူးကပြောသည်။ ယင်းသို့ဖြေလျှော့လိုက်ခြင်းကြောင့် ကုန်သွယ်မှုတန်ဖိုးတိုးတက်ခဲ့သော်လည်း အခြားတစ်ဖက်တွင်မူ လိုင်စင်ထုတ်ပေးရာမှရရှိသည့် အခွန်အခရငွေ ကျဆင်းသွားခဲ့ကြောင်းသိရသည်။ လွှတ်တော်ကိုယ်စားလှယ်များထောက်ပြခဲ့သည့် လူစီးယာဉ်ကို ကုန်ပို့ယာဉ်အဖြစ်ပုံပြောင်းကာ တင်သွင်းခဲ့မှုများကိုလည်း ယာဉ်တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း၊ ၁၀၀ ရာခိုင်နှုန်းများဖြင့် ဒဏ်တပ်ရိုက်ကာ မူလယာဉ်အမျိုးအစားအတိုင်းပင် မှတ်ပုံတင်စေခဲ့ပြီးဖြစ်ကြောင်းလည်း၎င်းက ပြန်လည်ရှင်းလင်းခဲ့သည်။ ယာဉ်တင်သွင်းသူများသည် အခွန်သက်သာစေရန်အတွက် လူစီးယာဉ်များကို ကုန်ပို့ယာဉ်များအဖြစ်ပုံပြောင်းကာ တင်သွင်းခဲ့မှုများရှိခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/127508.html

## မြန်မာနိုင်ငံမှ ထွက်ရှိသည့်သီးနှံများကို လာအိုနှင့်ဗီယက်နမ်နိုင်ငံတို့သို့ Transit Trade စနစ်ဖြင့်ရောင်းချနေ

မြန်မာနိုင်ငံမှထွက်ရှိသည့် သီးနှံများကို လာအိုနှင့်ဗီယက်နမ်နိုင်ငံတို့သို့ Transit Trade စနစ်ဖြင့် ရောင်းချလျက်ရှိကြောင်း မြဝတီနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းဥက္ကဌ ဒေါ်သင်းသင်းမြတ်၏ ပြောပြချက်အရသိရသည်။ မြဝတီနယ်စပ်ကုန်သွယ်မှုတွင် ထိုင်းနိုင်ငံဘက်မှ သွင်းကုန်ပမာဏပိုများပြီး ပြည်တွင်းမှပို့ကုန်ပမာဏမှာ နည်းပါးလျက်ရှိသည်။ ပြည်တွင်းမှ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပဲမျိုးစုံ၊ သီဟိုဠ်ဆန်၊ ပြောင်းနှင့်ပြောင်းဆန်စသည့်ကုန်ပစ္စည်းများကို ထိုင်းနိုင်ငံမှတစ်ဆင့် Transit Trade စနစ်ဖြင့် မလေးရှားနိုင်ငံသို့ တိုက်ရိုက်တင်ပို့ရောင်းချခွင့်ရရှိရေး သက်ဆိုင်ရာသို့တင်ပြထားသည်။ အခုဆိုရင် နိုင်ငံတကာနဲ့ ကုန်သွယ်မှုလမ်းကြောင်းတွေ တိုးတက်လာပြီဖြစ်တဲ့အတွက် မြန်မာနိုင်ငံကထွက်တဲ့သီးနှံတွေကို လာအိုနဲ့ဗီယက်နမ်နိုင်ငံတို့ကို ထိုင်းနိုင်ငံကနေတစ်ဆင့် Transit Trade စနစ်နဲ့ တိုက်ရိုက်တင်ပို့ရောင်းချနေပါတယ်။ မလေးရှားနိုင်ငံကိုတင်ပို့ရာမှာတော့ MoU မရှိထားလို့ Transit Trade စနစ်နဲ့ပို့လို့မရဘဲ ထိုင်းနိုင်ငံကိုပဲရောင်းချနေရတယ်။ အဲဒီအတွက် ထိုင်းနိုင်ငံက ဈေးကွက်အသာရနေပါတယ်။ ထိုင်းနိုင်ငံကနေတစ်ဆင့် Transit Trade စနစ်နဲ့မလေးရှားနိုင်ငံကိုတင်ပို့ခွင့်ရရင် နိုင်ငံတော်အနေနဲ့လည်း ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းတွေကို တိုးမြှင့်ဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်ဟု ဒေါ်သင်းသင်းမြတ်ကပြောသည်။

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ငါးမျိုးအား ကိုတာစနစ်မရှိဘဲ အခွန်ကင်းလွတ်ခွင့်ပြုသည့် Form D အကျိုးခံစားခွင့်ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလက မြဝတီမြို့၌ပြုလုပ်သည့် ဒုတိယအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေး၌ နှစ်ဖက်အစိုးရ G to G သဘောတူဆုံးဖြတ်ချက်ချမှတ်ခဲ့သော်လည်း လက်တွေ့ ကုန်ပစ္စည်းတင်ပို့ရာတွင် ထိုင်းနိုင်ငံဘက်သို့ တင်ပို့ခွင့်မရရှိကြောင်းသိရသည်။

**Source:** http://myawady.net.mm/index.php/business/item/49172

## အာဖရိကအမဲသား တရုတ်နိုင်ငံသို့ ပထမအကြိမ်တင်သွင်း

မကြာသေးမီရက်ပိုင်းက ထျန်းကျင်းအကောက်ခွန်ဌာနမှ သိရှိရချက်အရ အာဖရိကနိုင်ငံ နမီးဘီးယားနိုင်ငံ၏ အမဲသားများမှာ ထျန်းကျင်း အကောက်ခွန်ဌာနမှစစ်ဆေးခွင့်ပြုပြီးနောက် ဟယ်ပေပြည်နယ်စသည့်ဒေသများတွင် ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ဤသည်မှာ တရုတ်နိုင်ငံ၏ အာဖရိကနိုင်ငံမှတင်သွင်းသော ပထမအသုတ် အသားထုတ်ကုန်ဖြစ်ကြောင်း သိရပါသည်။ တရုတ်နိုင်ငံနှင့် နမီးဘီးယားနိုင်ငံအကြားရှိ အမဲသားကုန်သွယ်ရေးမှာ The Belt &

Road ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတွင် အလွန်အရေးပါလှသည်။ နမီးဘီးယားမှာ အာဖရိကနိုင်ငံတောင်ပိုင်းတွင် တည်ရှိပြီး ရှည်လျားသောပင်လယ်ကမ်းရိုးတန်းတစ်လျှောက် မြေပြန့်ရှိပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း မြှင့်တင်လုပ်ဆောင်ရန်အတွက်သင့်လျော်ပါသည်။ အမဲသားဈေးနှုန်းမှာသက်သာပြီး တရုတ်နိုင်ငံ ပြည်တွင်းအမဲသားဈေးနှုန်းထက်ဝက်ခန့်သာရှိပါသည်။ ၂၀၁၈ ခုနှစ် နမီးဘီးယားနိုင်ငံသမ္မတမှ တရုတ်နိုင်ငံသို့လာရောက်သည့် ခရီးစဉ်ကာလအတွင်း တရုတ်နိုင်ငံနှင့်သက်ဆိုင်ရာသဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ပါသည်။ တရုတ်နိုင်ငံမှ နမီးဘီးယားအမဲသားတင်သွင်းရန် ခွင့်ပြုခဲ့ပါသည်။ ယခုအကြိမ် နမီးဘီးယားအမဲသားစတင်သယ်ယူပို့ဆောင်စဉ် နမီးဘီးယားနိုင်ငံဘက်မှ တရုတ်နိုင်ငံသို့ အမဲသားစတင်တင်သွင်းသည့်အခမ်းအနားကို သီးသန့်ကျင်းပပြုလုပ်ခဲ့ပါသည်။ အေးခဲအမဲကြွက်သားကြောနှင့် အေးခဲအမဲသားလည်ပင်းရိုးဟူ၍ နှစ်မျိုးရှိပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံးအသားစားသုံးမှုဈေးကွက်ဖြစ်ပါသည်။ နမီးဘီးယားသည် လက်ရှိတစ်ခုတည်းသော တရုတ်နိုင်ငံသို့ အသားအမျိုးအစားတင်ပို့ရန် ခွင့်ပြုချက်ရရှိခဲ့သည့် အာဖရိကနိုင်ငံဖြစ်ပါသည်။ ယခုနှစ်တွင် နမီး ဘီးယား အေးခဲအမဲသားနှင့် ရေခဲရိုက်လတ်ဆတ်အသားအမျိုးအစားများ တင်သွင်းလိုသော တရုတ်ပြည်တွင်းလုပ်ငန်း ပေါင်း(၉)ခုခန့်ရှိပြီး တင်သွင်းပမာဏမှာ တန်ချိန်(၁)သောင်းခန့်ရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။ ထို့ကြောင့် တရုတ်ပြည်တွင်း စားသုံးသူများအတွက် ပိုမိုများပြားသောရွေးချယ်မှုများ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်းသိရပါသည်။ ထျန်းကျင်းဆိပ်ကမ်းဂိတ်သည် တရုတ်နိုင်ငံအကြီးဆုံးသော အသားအမျိုးအစားတင်သွင်းဂိတ်ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တင်သွင်းသော အသားအမျိုးအစားတန်ချိန်(၁၂)သိန်းခန့်ရှိပြီး တင်သွင်းပမာဏမှာ (၇)နှစ်ဆက်တိုက် တစ်နိုင်ငံလုံး ပထမနေရာတွင် ရပ်တည်နေကြောင်းသိရပါသည်။ ရေရှည်တွင် ထျန်းကျင်းအကောက်ခွန်ဌာနမှ နိုင်ငံတော်၏တင်သွင်းခွင့်ပြုသောစံနှုန်းကို တင်းကျပ်စွာစစ်ဆေးသွားမည်ဖြစ်ရာ တင်သွင်းအသားအမျိုးအစား၏ အရည်အသွေးလုံခြုံမှုကို အာမခံသွားမည်ဖြစ်ကြောင်း သိရပါသည်။

Source: www.cnfood.cn

https://www.facebook.com/shweliayarnews/

## STOCK EXCHANGE (27.8.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 27th Aug. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 11,500 | 12,000 | 11,500 | 2,973 | 35,392,000 | 27,112,747 | 325,353 |
| MTSH | 00002 | 4,100 | +100 | +2.50% | 4,000 | 4,100 | 4,000 | 4,415 | 17,895,500 | 38,929,150 | 159,610 |
| MCB | 00003 | 8,300 | -100 | -1.19% | 8,300 | 8,300 | 8,300 | 20 | 166,000 | 10,400,986 | 86,328 |
| FPB | 00004 | 25,000 | +0 | +0.00% | 25,000 | 25,000 | 25,000 | 526 | 13,150,000 | 2,472,053 | 61,801 |
| TMH | 00005 | 3,100 | +100 | +3.33% | 3,050 | 3,100 | 3,050 | 615 | 1,875,800 | 12,823,224 | 39,752 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 491.37 | +12.92 | +2.70% | 478.92 | 491.37 | 478.92 | 8,549 | 68,479,300 | 5 | 672,844 |

**Index chart**




# Market Overview

As of 1:00 pm, 27th Aug. 2019

| MYANPIX-1 | **491.37** |
|---|---|
| | 12.92 |
| Total Volume (shares) | 8,549 |
| Total Value (MMK) | 68 mil |
| Listed Company | 5 |
| Market Cap. (MMK) | 672,844 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | 500 |
| MTSH | 00002 | 4,100 | 100 |
| MCB | 00003 | 8,300 | 100 |
| FPB | 00004 | 25,000 | 0 |
| TMH | 00005 | 3,100 | 100 |